EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၉၇

မတ် ၁၇ ရက်၊ ၂၀၂၀

## အစိုးရဌာနအချို့၏ ဥပဒေနှင့် မကိုက်ညီသောဆောင်ရွက်မှုများကို ကချင်ပြည်နယ် စာရင်းစစ်ချုပ်အစီရင်ခံစာ ထောက်ပြ - အပိုင်း (၁)

မတ် ၃၊ ၂၀၂၀




၂၀၂၀ ပြည့်နှစ် တာထွက် လွှတ်တော်အစည်းအဝေး ဒုတိယနေ့တွင် ပြည်နယ်စာရင်းစစ်ချုပ်က ၂၀၁၈-၂၀၁၉ ခုနှစ်၊ ၆ လတာ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် ပထမ ၆ လတာ ကာလအတွက် အရအသုံးဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များကို တင်သွင်းခဲ့သည်။

စာရင်းစစ်ချုပ်၏ အစီရင်ခံစာအရ အစိုးရဌာနအချို့တွင် ဥပဒေဘောင်ကျော်လွန်လုပ်ဆောင်ခြင်း၊ ဘတ်ဂျတ်ခွဲဝေမှု၊ ပြည်ထောင်စုသို့ ပြန်လည်သွင်းဆောင်ရမည့်ငွေများအား အချိန်မီ မဆောင်ခြင်း၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ လုပ်ဆောင်ခြင်းများ စသည်တို့ကို တွေ့ရှိခဲ့ရသည်။

"ဒီအစီရင်ခံစာမှာ နှစ်စဉ် တည်ဆဲဥပဒေစည်းမျဉ်းကမ်းများ လိုက်နာမှုအားနည်းတဲ့အချက်တွေ၊ နှစ်စဉ် မှားယွင်းမှုတွေကြောင့် ငွေပြန်လည်ပေးသွင်းခဲ့ရမှုတွေ၊ ဆောင်ရွက်ပြီးသားကိစ္စတွေကို ထပ်မံရန်ပုံငွေလျာထားပြီး၊ အောက်ကတင်ပြချက်တွေအပေါ် သေချာမစိစစ်ဘဲ ငွေထပ်မံထုတ်ပေးခဲ့တာတွေ၊ ဆောင်ရွက်ပြီးသော လုပ်ငန်းများ ထပ်မံပျက်ဆီးမှု ဖြစ်ပေါ်ရတာတွေ၊ ငွေအလွဲသုံးစားပြုလုပ်နိုင်တဲ့ အချိန်မျိုးတွေနဲ့ တာဝန်အရစစ်ဆေးမှုခံယူရမယ့် ကိစ္စတွေမှာ မြန်မြန်ဆန်ဆန် စစ်ဆေးမှုခံယူဖို့လိုအပ်တာတွေကို တာဝန်ရှိသူများအနေနဲ့ အလေးထား ပြုပြင်ကြပ်မတ်သင့်ကြောင်း" ပြည်နယ်စာရင်းစစ်ချုပ် ဦးတင်လှိုင်က ထောက်ပြ ပြောဆိုခဲ့သည်။

ယင်းအပြင် အစီရင်ခံစာပါ မပြီးပြတ်သေးသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဒဏ်ကြေးငွေများ ပေးသွင်းရမည့် လိုအပ်ချက်များ၊ မပြီးပြတ်သည့် လုပ်ငန်းများမှ ရန်ပုံငွေများ ပြန်လည်အပ်နှံခြင်းမရှိဘဲ အမိန့်ပေး ချက်လက်မှတ်များကိုင်ဆောင်၍ ဘဏ္ဍာရေးနှစ်များကျော်လွန်ပြီး ဆောင်ရွက်နေသည့် လုပ်ငန်းများကို အမြန်ဆုံးအစစ်ဆေးခံနိုင်သည်အထိ ဆောင်ရွက်လိုအပ်လျက်ရှိကြောင်းနှင့် ယင်းလုပ်ငန်းစဉ်ကို ဥပဒေအရ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းလည်း စာရင်းစစ်ချုပ်က တင်ပြခဲ့သည်။

"ကျပ်ဆယ်သန်းနဲ့အထက် လုပ်ငန်းများမှာ သတ်မှတ်ထားတဲ့အတိုင်း တင်ဒါစနစ်နဲ့ ဆောင်ရွက်ရမယ့်အစား အချိန်မမီမှာစိုးလို့ယုံကြည်အားထားနိုင်တဲ့ ကုမ္ပဏီဖြစ်လို့ဆိုပြီး တင်ဒါမခေါ်ဘဲ ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းများဟာ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ တာဝန်ယူမှုတာဝန်ခံမှု အားနည်းနိုင်ခြင်း၊ မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်နိုင်ခြင်းအပြင် အဂတိလိုက်စားမှုလည်း ဖြစ်ပေါ်နိုင်ပါသဖြင့် တည်ဆဲဥပဒေ ညွှန်ကြားချက်များကိုမည်သို့သောအကြောင်းကြောင့်ဖြင့်ဖြစ်စေ တိကျစွာလိုက်နာသင့်ပါကြောင်း အကြံပြုတိုက်တွန်းပါတယ်" ဟု ဦးတင်လှိုင်က ဆက်လက်ထောက်ပြခဲ့သည်။

***ဆက်လက်ဖော်ပြပါမည်။***

(ကိုးကား:- https://www.myitkyinanewsjournal.com/)

# ကားဝယ်ခွင့်မရသည့်ဘတ်ဂျက်ဖြင့် တည်ဆောက်သည့် လူကူးခုံးကျော်တံတားဖွင့်

**မတ် ၅၊ ၂၀၂၀**

မော်တော်ယာဉ်ဝယ်ရန် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က ခွင့်မပြုသည့် ဘတ်ဂျက် ကျပ်သိန်းတစ်သောင်းဝန်းကျင်ဖြင့် တည်ဆောက်သည့် ဒေါပုံမြို့နယ် သဘော်ကျင်းမှတ်တိုင်ရှိ စက်လှေကား သုံးစင်းပါသော လူကူးခုံးကျော်တံတားကို မတ်လ ၅ ရက်နေ့တွင် ဖွင့်လှစ်လိုက်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က Ford မော်တော်ယာဉ် ၁၀ စီး အပါအဝင် မော်တော်ယဉ် ၇၆ စီး ဝယ်ယူရန် လျာထားသည့် ဘတ်ဂျက် ကျပ်သိန်းတစ်သာင်းကို လွှတ်တော်ကခွင့်မပြုသဖြင့် ယင်းအစား အဆိုပါခုံးကျော်တံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ဒေါပုံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်က ပြောဆိုသည်။

"ဒါက မြို့နယ်ရဲ့လိုအပ်ချက်လည်းဖြစ်တယ်။ ပြည်သူတွေ အန္တရာယ်ကင်းကင်း ကူးသန်းသွားလာနိုင်ဖို့အတွက် အခုလို တည်ဆောက်တာပါ" ဟု ၎င်းကဆိုသည်။

အဆိုပါ လူကူးခုံးကျော်တံတားအရှည်မှာ ၁၀၇ ပေနှင့် တံတားကင်းလွတ်အမြင့် ၁၈ ပေ ရှိပြီး လူသွားလမ်း အကျယ် ၁၀ ပေရှိကာ စက်လှေကား သုံးစင်းပါဝင်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလမ်းနှင့် တံတားအင်ဂျင်နီယာဌာနမှ လက်ထောက်ဌာနမှူး ဦးဉာဏ်သာက ပြောဆိုသည်။

တိုင်းဒေသကြီးအစိုးရကခွင့်ပြုသည့် ဘတ်ဂျတ် ကျပ်သိန်းတစ်သောင်းကို ခုံးကျော်တံတားအပြင် အဆိုပါတံတားအနီးရှိ လမ်းပြုပြင်မှုများတွင်လည်း အသုံးပြုခဲ့ကြောင်း ဦးသန့်ဇင်က ပြောဆိုသည်။

**(ကိုးကား - https://thevoicejournal.com)**

---

# မန္တလေးစည်ပင်နှင့် စက်သုံးဆီအရှုပ်တော်ပုံ

**ဖေဖော်ဝါရီ ၂၄၊ ၂၀၂၀**

မီနီဘတ်ဂျက်ဟုခေါ်သည့် ခြောက်လဘတ်ဂျက်ကာလ (၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ) အတွင်း မန္တလေးတိုင်းအစိုးရအဖွဲ့လက်အောက်ရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးအစီရင်ခံစာ၊ တစ်နည်းအားဖြင့် စာရင်းစစ်ချုပ်အစီရင်ခံစာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပတ်သက်၍ အထူးအလေးပေး ဖော်ပြထားခဲ့သည်။

လုပ်ထုံးလုပ်နည်းမညီမှုများ၊ လုပ်ပိုင်ခွင့် ကျော်လွန်လုပ်ဆောင်မှုများအပြင် ကျပ်သိန်းထောင်ချီတန်ဖိုးရှိ စက်သုံးဆီလိမ်လည်မှုများကိုပါ ဖော်ထုတ်ပြခဲ့သည်။

စက်ရုံနှင့် မော်တော်ယာဉ်ဌာနသို့ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယခြောက်လကာလအတွက် လုပ်ငန်းနှင့်စာရင်းများကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့၌ စတင်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် စက်သုံးဆီနှင့် စတိုပစ္စည်းများအား မြေပြင်လက်ကျန်စာရင်းကောက်ယူရာတွင် ဒီဇယ်ဆီ ၅၀၄၄ ဂါလန်လျော့နည်းနေသည်ကို တွေ့ရသဖြင့် စက်သုံးဆီဂိုဒေါင်တာဝန်ခံ ဦးကျော်စိုး (အငယ်တန်းအင်ဂျင်နီယာ- ၂) ကို ညတွင်းချင်းအပြီး ပေးသွင်းစေခဲ့ပြီး စာရင်းစစ်အစီရင်ခံစာတွင် မြေပြင်လက်ကျန်နှင့် လယ်ဂျာစာရင်းလက်ကျန် ကိုက်ညီကြောင်း အတည်ပြုခဲ့သည်ဟု စာရင်းစစ်ချုပ်ကဆိုသည်။

သို့သော် လယ်ဂျာစာရင်းများကို ပြင်ဆင်ဖြည့်စွက်ထားကြောင်း လယ်ဂျာစာရင်းကိုင် ဒေါ်ခိုင်သီတာဦး (ဒု-ကြီးကြပ်ရေးမှူး)က သတင်းပေးခဲ့သဖြင့် ဌာနမှူးဦးဆောင်သည့် အဖွဲ့က ပြန်လည်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ တာဝန်ခံဦးကျော်စိုးသည် စက်သုံးဆီဂါလန်ပေါင်း တစ်သိန်းရှစ်သောင်းကျော် (ဒီဇယ်ဆီ ၁၅၄၈၂၈ ဂါလန်နှင့် ဓာတ်ဆီဂါလန်သုံးသောင်း) ကို အလွဲသုံးစားပြုလုပ်ထားသည်ဟု ပေါ်ပေါက်ခဲ့သည်။

ဦးကျော်စိုးသည် တစ်ဦးတည်း၏သဘောဖြင့် စာရင်းများပြင်ဆင်ခြင်း၊ ကျပ်သိန်းရှစ်ထောင်နီးပါးတန်ဖိုးရှိ လျော့နည်းနေသည့် စက်သုံးဆီဂါလန် ပေါင်းတစ်သိန်းရှစ်သောင်းကျော်သည် စက်ရုံနှင့်မော်တော်ယာဉ်ဌာနဆီသိုလှောင်ကန်များသို့ အပြည့်အဝမရောက်ရှိခြင်း၊ နိုင်ငံဝန်ထမ်းလိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုမရှိဟု ဒေါက်တာရဲလွင်က လွှတ်တော်၌ ပြောဆိုသည်။

ထို့ကြောင့် ဦးကျော်စိုး (အငယ်တန်းအင်ဂျင်နီယာ-၂) အား ဆုံးရှုံးခဲ့သည့် စက်သုံးဆီများကို ပေးလျော်ရန်နှင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သည့် ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း ပေးလျော်ခြင်းမရှိသောကြောင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၀၉ ဖြင့် အမှုဖွင့်ခဲ့သည်။

"စက်သုံးဆီ ဒီလောက်အများကြီးက တစ်ဦးတည်းရဲ့ သဘောနဲ့လုပ်သွားတာ မဖြစ်နိုင်ဘူး။ အထက်အဆင့်ဆင့် တာဝန်ရှိသူတွေလည်း ပါဝင်ပတ်သက်နိုင်တယ်" ဟု ယင်းစက်သုံးဆီ အလွဲသုံးမှုကိစ္စကို စိတ်ဝင်စားနေသည့် မန္တလေးမြို့ခံ ကိုကျော်မိုးက သုံးသပ်သည်။

သို့သော် အခြားသူများမပါဘဲ ဦးကျော်စိုးတစ်ဦးတည်းကသာ အလွဲသုံးစားမှုပြုလုပ်ခဲ့သည်ကို ကိုယ်တိုင်ဝန်ခံထွက်ဆိုထားသည်ဟု မြို့တော်ဝန်က လွှတ်တော်၌ ပြောကြားခဲ့သည်။

ကျူးလွန်သူကို တရားရုံးတွင် အမိန့်ချမှတ်ပြီးလျှင် နိုင်ငံတော်ဘဏ္ဍာငွေများ မဆုံးရှုံးစေရန်အတွက် တရားမကြောင်းအရလည်း ဆက်လက်တရားစွဲဆိုသွားမည်ဟု ဒေါက်တာရဲလွင်က ထပ်လောင်းပြောဆိုသည်။

သို့သော် ဦးကျော်စိုးကမူ တရားခံပြေးအဖြစ် တိမ်းရှောင်နေဆဲဖြစ်သည်။

**(ကိုးကား - https://thevoicejournal.com)**

# ကရင်ပြည်နယ်တွင်းရှိ ရှမ်းလူမျိုးကိုယ်စား ပြောရေးဆိုခွင့်ရှိမည့် ရေးရာဝန်ကြီးနေရာ ထည့်သွင်းရွေးချယ်ရန် လိုအပ်

**ဖေဖော်ဝါရီ ၇၊ ၂၀၂၀**

လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ကရင်ပြည်နယ်တွင်းရှိ ရှမ်းတိုင်းရင်းသားများကိုယ်စား ပြောရေးဆိုခွင့်ရှိမည့် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး တစ်နေရာအတွက် ကိုယ်စားလှယ်တစ်ဦး ထည့်သွင်းရွေးချယ်ခွင့်ရရှိရန် လိုအပ်ကြောင်း ကရင်ပြည်နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌဖြစ်သူ မြဝတီမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်ကျန်းခမ်းက ပြောသည်။

"ကျွန်တော်တို့ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းကနေပြီး ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလမှာ နောက်ဆုံးကောက်ခံခဲ့တဲ့ စာရင်းအရ ကရင်ပြည်နယ်အတွင်းမှာ ရှမ်းတိုင်းရင်းသား ၆၉,၀၀၀ ကျော် နေထိုင်လျက်ရှိပါတယ်။



ပြည်နယ်တွင်း လူဦးရေရဲ့ (၀.၁) ရာခိုင်နှုန်းကျော်ရှိတယ်။ ဥပဒေအရ လူမျိုးစုကိုယ်စားလှယ်ထားရှိဖို့ လုံလောက်တဲ့ အရေအတွက် ပြည့်မီပါတယ် ။ အဲဒီလို ရရှိဖို့အတွက်လည်း ပြည်နယ်လွှတ်တော်မှာ ကိုယ်စားလှယ်တစ်ဦးအနေနဲ့ တင်ပြထားတာတွေ ရှိပါတယ်"ဟု ဦးအိုက်ကျန်းခမ်းက ပြောသည်။

ယခုလို ရှမ်းတိုင်းရင်းသားအရေးအရာကို လုပ်ဆောင်မည့် ရေးရာဝန်ကြီးမရှိ သေးသည့်အတွက် ပြည်နယ်တွင်းရှိရှမ်းတိုင်းရင်းသားလူမျိုးများအတွက် နစ်နာမှုများရှိသည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ (SNLD) ၏ ကရင်ပြည်နယ်မှ စိုင်းကောင်းသက်စံက ယခုလို ပြောသည်။

"ကျွန်တော်တို့ ဝန်ကြီးမရှိတဲ့အတွက် နစ်နာမှုရှိတယ်။ ကုန်ကုန်ပြောရရင် ဒီနှစ်ရှမ်းစာပေသင်ကြားဖို့ဘတ်ဂျက်က လုံလုံလောက်လောက် မရှိတာမျိုးတွေပေါ့နော်။ မွန်တို့၊ ကရင်တို့ ၊ ပအိုဝ်းတို့ သူတို့ စာပေသင်တန်းဆင်းဖို့အတွက် ငွေကြေးအလုံအလောက်ရပေမယ့် ကျွန်တော်တို့ ရှမ်းတွေက အလုံအလောက်မရဘူး။ ကိုယ်ထူကိုယ်ထနဲ့ အလှူရှင်တွေရှာပြီး သင်ရတာများတယ်။ အဖက်ဖက်ကနိမ့်ကျတယ်။ ဒါကို ကျွန်တော်တို့တွေစုပြီး လက်မှတ်ထိုးပြီးတော့ ရွေးကောက်ပွဲကော်မရှင်ကို စာတင်ပါမယ်"ဟု ပြောသည်။

(ကိုးကား - http://kicnews.org)

# တိုင်စာကိစ္စ ကိုယ်စားလှယ် အမေး၊ ဝန်ကြီးအဖြေ

**မတ် ၅၊ ၂၀၂၀**

တိုင်းအစိုးရအဖွဲ့အနေဖြင့် ပြည်သူလူထု၏ တိုင်ကြားစာများကို ကိုင်တွယ်ဖြေရှင်းရာတွင် လချီကြာမြင့်သည်အထိ တိုင်ကြားသူထံ တစ်စုံတရာ ဖြေရှင်းအကြောင်းမှုမရှိသည်များရှိနေကြောင်း ဖေဖော်ဝါရီ ၄ ရက်က တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်တွင် တနင်္သာရီမြို့နယ်တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေက မေးမြန်းခဲ့သည်။

နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေ ပုဒ်မ ၆ အရ တိုင်တန်းသူ၏ တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးကို အပြည့်အဝရှိစေရေးနှင့် ဥပဒေ ပုဒ်မ ၉ အရ "တိုင်တန်းလွှာရရှိသော အာဏာပိုင်အဖွဲ့အစည်းသည် တိုင်တန်းလွှာနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်ကို တိုင်တန်းသူထံ အကြောင်းကြားရမည်"ဟု ဖော်ပြထားရာ တိုင်းအစိုးရအနေဖြင့် ၎င်းဥပဒေနှင့်အညီ မည်သို့ဆောင်ရွက်နေကြောင်း ဦးရဲမြင့်ဆွေက မေးခွန်းထုတ်ခဲ့သည်။

ထိုမေးခွန်းကို တိုင်းအစိုးရအဖွဲ့ကိုယ်စား ဝန်ကြီးတစ်ဦးက ဖြေဆိုရာတွင် မေးခွန်းပါအချက်များကို ပြည့်စုံစွာမဖြေဆိုခဲ့သဖြင့် ဦးရဲမြင့်ဆွေက ပြည့်စုံစွာဖြေဆိုရန် တောင်းဆိုရာ ဝန်ကြီးက စာဖြင့်ပြန်ဖြေမည်ဟု ပြောဆိုခဲ့သည်။

တိုင်းအစိုးရအဖွဲ့၏ အကြောင်းပြန်ကြားစာတွင် ပြည်သူလူထုမှ ပေးပို့လာသည့် တိုင်ကြားစာများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်နှင့်တပြေးညီ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း ပါဝင်သည်။

တိုင်းအစိုးရမှ စိစစ်ဖြေရှင်းပေးရမည့် ကိစ္စရပ်များအား သက်ဆိုင်ရာဌာနများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်တင်ပြရန် ညွှန်ကြားခြင်း၊ တိုင်စာစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းစိစစ်စေခြင်းတို့ လုပ်ဆောင်နေကြောင်း ဖြေဆိုထားသည်။

ယင်းသို့ တိုင်ကြားသူနှင့် တိုင်ကြားခံရသူများကိုစိစစ်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေ ပြန်လည်တင်ပြလာမှုအပေါ် သက်ဆိုင်ရာကာယကံရှင်များမှ လိုက်နာဆောင်ရွက်ရမည့်အချက်များရှိပါက ကာယကံရှင်များထံ အသိပေးရှင်းလင်းအကြောင်းကြားရန် ညွှန်ကြားခြင်း၊ ပြည်ထောင်စုအဆင့်သို့ တင်ပြလမ်းညွှန်မှုခံယူရမည့် ကိစ္စရပ်များအားတင်ပြ၍ လမ်းညွှန်မှုခံယူခြင်းများကို အချိန်နှင့်တပြေးညီ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း တိုင်းအစိုးရအဖွဲ့ဝန်ကြီး ဦးဟိုပင်က ဖြေဆိုခဲ့ပြီး ဦးရဲမြင့်ဆွေက ထပ်မံ၍ မှတ်ချက်မပြုလိုတော့ဟု ဆိုသည်။

တိုင်းဒေသကြီးအစိုးရသည် ပြည်သူတို့၏ တိုင်ကြားစာများ လက်ခံရရှိကြောင်း၊ မည်သို့ဆောင်ရွက်နေကြောင်း၊ တိုင်ကြားသူအား အကြောင်းပြန်စာ ပေးပို့လေ့မရှိဟု သိရသည်။

(ကိုးကား-http://www.daweiwatch.com)